လူသားတို့သည် ဥစ္စာပစ္စည်းနှင့်ပြည့်နှက်နေသော

ချိုင့်ဝှမ်းနှစ်ခုကို ပိုင်ဆိုင်ခဲ့လျှင်လည်း

တတိယချိုင့်ဝှမ်းတစ်ခုကို ထပ်မံတောင့်တပေလိမ့်မည်

အနတ်စ်ဗင်န်မာလိက် (ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏
ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)မိန့်ကြားတော်မူသည်။ လူသားတို့သည်
ဥစ္စာပစ္စည်းနှင့်ပြည့်နှက်နေသော ချိုင့်ဝှမ်းနှစ်ခုကို
ပိုင်ဆိုင်ခဲ့လျှင်လည်း တတိယချိုင့်ဝှမ်းတစ်ခုကို ထပ်မံတောင့်တပေလိမ့်မည်။
လူသား၏ဝမ်းဗိုက်ကို မြေကြီးမှလွဲ၍ အဘယ်အရာကမျှ မပြည့်စေနိုင်ချေ။
အလ္လာဟ်အရှင်မြတ်သည် သောင်ဗဟ်အမှားဝန်ချတောင်းပန်သူ၏ သောင်ဗဟ်ကို လက်ခံတော်မူ၏။ [صحيح] [متفق عليه]

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) မိန့်ကြားတော်မူသည်မှာ - လူသားသည်ရွှေနှင့်ပြည့်နှက်နေသော ချိုင့်ဝှမ်းတစ်ခုကို ရရှိခဲ့လျှင်၊ သူသည် လူ့သဘာဝအရတပ်မက်မှုကြောင့် နောက်ထပ် ချိုင့်ဝှမ်းနှစ်ခုကို လိုချင်ပေလိမ့်မည်။ သူသည်လောကီ၌ရှိသော ဥစ္စာပစ္စည်းများကို စုဆောင်းရန် အမြဲတမ်းလိုလားတောင့်တနေလိမ့်မည်ဖြစ်ပြီး နောက်ဆုံး၌ ကွယ်လွန်သေဆုံးကာ သူ၏ဝမ်းဗိုက်သည်သူ၏ကဗရ်မြေကြီးဖြင့်သာဖြည့်တင်းရလိမ့်မည်။

https://sunnah.global/hadeeth/my/show/4963